


# 静岡県の紹介

## Shizuokaခရိုင်ကို မိတ်ဆက်ခြင်း

- 静岡産業大学のある静岡県は、日本のほぼ中央に位置します。
- 新幹線で東京まで約1時間、大阪まで約2時間で行くことができ、国際空港もあります。
- 世界のだれもが知っている富士山は静岡県にあります。
- 気候は温暖で、一年中快適に過ごすことができます。
- 静岡県は、首都圏よりも家賃や物価が安く、アルバイトと両立もしやすいです。
- おいしい食べ物がたくさんあり、温泉や神社仏閣などの日本の伝統的な文化体験もできます。

- Shizuoka Sangyo Universityသည် ဂျပန်နိုင်ငံအလယ်ပိုင်း Shizuoka ခရိုင်တွင်တည်ရှိပါသည်။
- Shinkansen ကျည်ဆံရထားဖြင့် တိုကျိုသို့ ၁နာရီခန့် နှင့် အိုဆာကာသို့ ၂ နာရီခန့်အတွင်း သွားလာနိုင်ပြီး၊ အပြည်ပြည်ဆိုင်ရာလေဆိပ်လည်း ရှိပါသည်။
- ကမ္ဘာတစ်ဝန်းတွင် လူသိများကြသောဖူဂျီတောင်သည်လည်း Shizuokaခရိုင်တွင်တည်ရှိပါသည်။
- ရာသီဥတု နွေးထွေးပြီး တစ်နှစ်ပတ်လုံး သက်တောင့်သက်သာ နေထိုင်နိုင်ပါသည်။
- Shizuoka ခရိုင်သည် မြို့တော်ဒေသထက် အိမ်ငှားခနှင့် လူနေမှုကုန်ကျစရိတ်များ ပိုမိုသက်သာပြီး အချိန်ပိုင်းအလုပ်နှင့်ပညာရေးကိုလည်း လွယ်ကူစွာ လိုက်ဖက်ညီနိုင်ပါသည်။
- အရသာကောင်းသော အစားအစာများပြီး ရေပူစမ်း၊ နတ်ကွန်းနှင့် ဘုရားကျောင်းစသည့်ဂျပန်ရိုးရာယဉ်ကျေးမှုများကို ကြည့်ရှုခံစားနိုင်ပါသည် ။







新幹線
Shinkansen လိုင်း
藤枝キャンパス
Fujieda Campus
藤枝市
Fujieda မြို့
新富士駅
Shin-Fuji ဘူတာ
三島駅
Mishima ဘူတာ
熱海駅
Atami ဘူတာ
静岡駅
Shizuoka ဘူတာ
新東名高速道路
Shin Tomei အမြန်လမ်း
東名高速道路
Tomei အမြန်လမ်း
浜松駅
Hamamatsu ဘူတာ
掛川駅
Kakegawa ဘူတာ
富士山静岡空港
Mt.Fuji Shizuoka လေဆိပ်
磐田市
Iwata မြို့
磐田キャンパス
Iwata Campus




# 学部・学科紹介 ဌာနနှင့်ဘာသာရပ် မိတ်ဆက်ခြင်း




Campus ရဲ့တည်နေရာအလိုက် သင်ယူနိုင်တဲ့ ဘာသာရပ်တွေက မတူပါဘူး။

## 経営学部 School of Management

経営学を体系的に学ぶだけでなく、実学教育を通じて地域や企業が抱える諸問題に実際に触れることで、現状を正しく理解し、自らで考え抜く能力を養います。また、社会における新たな価値を特定・発信する重要性を学びます。

ကျောင်းသားများသည် စီးပွါးရေးစီမံခန့်ခွဲမှုဘာသာရပ်ကို စနစ်တကျလေ့လာသင်ယူနိုင်သည့်အပြင်လက်ရှိအခြေအနေကို မှန်ကန်စွာနားလည်သဘောပေါက်နိုင်ပြီး လူမှုရေးနယ်ပယ်များနှင့် ကုမ္ပဏီများတွင်ကြုံတွေ့နိုင်သော ပြဿနာများကို ထိတွေ့ကိုင်တွယ်ခြင်းဖြင့် မိမိကိုယ်ကိုယ်တွေးခေါ်နိုင်စွမ်းကို မြှင့်တင်စေပါသည်။ထို့အပြင် လူ့အဖွဲ့အစည်းတွင်တန်ဖိုးထားမှုအသစ်များကို ဖော်ထုတ်ခြင်းနှင့်သတ်မှတ်ပြသခြင်း၏အရေးပါပုံကိုလဲလေ့လာသင်ယူနိုင်မည်ဖြစ်ပါသည်။

### 経営学科 Department of Management

経営戦略やマーケティング、会計学等の経営に関する幅広い専門知識を理論と実践の両面から学びます。また、そこで得た知見をビジネスだけでなく、地域産業やスポーツ振興等の様々な領域で活かします。


စီးပွားရေးဗျူဟာ၊ ဈေးကွက်ရှာဖွေရေးနှင့် စာရင်းကိုင်ပညာ စသည့်စီးပွါးရေးစီမံခန့်ခွဲမှုဆိုင်ရာအသိပညာများကို သီအိုရီနှင့် လက်တွေ့ ရှုထောင့်မှ လေ့လာသင်ယူနိုင်မည်ဖြစ်သည်။ ထို့အပြင် သင်ယူရရှိလာသော အသိပညာများကို စီးပွားရေးလုပ်ငန်းတွင်သာမက ဒေသဆိုင်ရာစက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် အားကစားနယ်ပယ်မြှင့်တင်ရေး စသည့် အခြားနယ်ပယ်များတွင်လည်း အသုံးချသွားနိုင်မည်ဖြစ်ပါသည်။

### 心理経営学科 Department of Management Psychology

人の心理や行動、感性を解明し、そこで得た学びを実社会で活用・応用・発展させる能力を養成します。人の心を動かす商品開発や観光の企画、人が安心して働ける組織づくり等、ビジネス課題の解決に必要な視点や知見の獲得を図ります。

ကျောင်း၏ရည်ရွယ်ချက်မှာ လူ့စိတ်ပညာ၊ အမူအကျင့်နှင့် အာရုံခံစားမှုများကို ဖွင့်ဆိုနိုင်သည့်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လက်တွေ့အခြေအနေတွင် မိမိသင်ယူခဲ့ရာများကို အသုံးချနိုင်ရန်၊ စီးပွါးရေးပြဿနာများကိုဖြေရှင်းရန်အတွက် လိုအပ်သောအမြင်များနှင့် အသိပညာများကိုရယူရန်ဖြစ်ပါသည်။ဥပမာအားဖြင့်-လူအများစိတ်ကိုလှုံ့ဆော်နိုင်သည့် ထုတ်ကုန်များကိုဖန်တီးခြင်းနှင့် လူအများစိတ်အေးချမ်းသာစွာ လုပ်ဆောင်နိုင်သော အဖွဲ့အစည်းများကို ဖန်တီးခြင်း။

## 藤枝キャンパス Fujieda Campus




**〈経営学科〉** Department of Management

- **AIデータサイエンスコース** AI Data Science Course
- **経営コース** Management course
- **会計コース** Accounting course
- **地域ビジネスコース** Regional business course

**〈心理経営学科〉** Department of Management Psychology

- **ビジネス心理コース** Business Psychology Course
- **ものづくり感性コース** Manufacturing Sensitivity Course
- **観光・文化コース** Tourism and Culture Course

## 磐田キャンパス Iwata Campus



**〈経営学科〉** Department of Management

- **経営コース** Management course
- **会計コース** Accounting course
- **地域ビジネスコース** Regional business course
- **スポーツビジネスコース** Sport Business Course

**〈心理経営学科〉** Department of Management Psychology

- **ビジネス心理コース** Business Psychology Course
- **ものづくり感性コース** Manufacturing Sensitivity Course
- **観光・文化コース** Tourism and Culture Course











# キャンパス・施設紹介

Campus/အဆောက်အအုံ မိတ်ဆက်ခြင်း












## 藤枝キャンパス

**Fujieda Campus**

JR藤枝駅からバスで約10分です。
JR Fujieda ဘူတာမှ ဘတ်စ်ကားဖြင့် 10 မိနစ်ခန့် ။

## メイン・キャンパス選択制度

main ကျောင်းဆောင်ရွေးချယ်မှုစနစ်

主に学生生活を過ごす「メイン・キャンパス」を藤枝と磐田のどちらにするか、入学時に選択できます。学びたい内容や部活動、ライフスタイルなどに合わせて、自分にふさわしいキャンパスを選んでください。

ကျောင်းသို့စာရင်းသွင်းသည့်အခါ၊ မိမိ၏ကျောင်းသားဘဝဖြတ်သန်းရန် အတွက် အဓိကတက်လိုသောကျောင်းဆောင် Fujieda Campus (သို့) Iwata Campus ကို စိတ်တိုင်းကျရွေးချယ်နိုင်ပါသည်။ သင်ယူလိုသော ဘာသာရပ်၊ အသင်းလှုပ်ရှားမှုများနှင့် နေထိုင်မှုပုံစံအပေါ် မူတည်ပြီး မိမိအတွက် အသင့်တော်ဆုံးကျောင်းဝင်း တစ်ခုကို ရွေးချယ်နိုင်သည်။

## 磐田キャンパス

**Iwata Campus**

JR磐田駅からバスで約10分です。
JR Iwata ဘူတာမှ ဘတ်စ်ကားဖြင့် 10 မိနစ်ခန့် ။

## 藤枝キャンパス　1年生　Fujieda Campus , 1st year



### ラクサ ブミ アッシダさん
RAKSA BUMI ASSIDA

**インドネシア出身(静岡インターナショナルスクール 卒業)**
အင်ဒိုနီးရှားနိုင်ငံမှ (Shizuoka International School မှဘွဲ့ရ)





### 1日の流れ　နေ့စဉ်အချိန်ဇယား

| | | |
|---|---|---|
| 5:00～ | **起床・準備** | အိပ်ရာထခြင်းနှင့် ပြင်ဆင်ခြင်း |
| 7:00～ | **朝食・出発** | မနက်စာစားခြင်းနှင့် အပြင်ထွက်ခြင်း |
| 9:00～17:00 | **授業・昼食** | အတန်းချိန်၊ နေ့လည်စာ |
| 18:00～23:00 | **アルバイト** | အချိန်ပိုင်းအလုပ် |
| 23:00～24:00 | **帰宅・勉強・就寝** | အိမ်ပြန်၊ စာလုပ်ချိန်၊ အိပ်ယာဝင်ချိန် |

### 1か月の生活費　တစ်လစာ နေထိုင်စရိတ်

**収　入**　ဝင်ငွေ

| | | (JPY) |
|---|---|---|
| **アルバイト** | အချိန်ပိုင်းအလုပ် | **100,000** |
| **仕送り** | မိသားစုမှငွေကြေးထောက်ပံ့မှု | **50,000** |
| **合　計** | စုစုပေါင်း | **150,000** |

**支　出**　ကုန်ကျစရိတ်

| | | (JPY) |
|---|---|---|
| **食　費** | စားသောက်စရိတ် | **20,000** |
| **公共料金** | လျှပ်စစ်မီတာခ,(ရေ/ဂက်စ်)ဖိုး… | **6,000** |
| **通信費** | ဖုန်းဘေလ်၊ ပက်ကေ့ချ်ကြေး | **5,000** |
| **家　賃** | အိမ်လခ | **40,000** |
| **その他** | အခြား | **10,000** |
| **合　計** | စုစုပေါင်း | **81,000** |

### 入学してからの印象　တက်ပြီးနောက်၏ ထင်မြင်ခံစားချက်

**先生方や職員の方が親切で、学生一人ひとりをしっかり見てくれていると感じました。留学生として不安なこともありましたが、安心して学べる環境です。**

ဆရာ၊ ဆရာမတွေနဲ့ ဝန်ထမ်းတွေက အရမ်းဖော်ရွေပြီး ကျောင်းသားတစ်ယောက်ချင်းစီကို သေချာ ဂရုစိုက်ပေးတာကို ခံစားရပါတယ်။ နိုင်ငံခြားကျောင်းသားတစ်ယောက်အနေနဲ့ စိုးရိမ်တာတွေရှိခဲ့ပေမဲ့ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပါတယ်။

### 静岡産業大学のいいところ・魅力　Shizuoka Sangyo University ၏အားသာချက်နှင့်ဆွဲဆောင်မှု

**少人数制で授業が行われるため、質問や意見がしやすいところです。また、実践的な内容が多く、将来を意識しながら学べる点が魅力です。**

အတန်းတွေကို လူနည်းစုစနစ်နဲ့ သင်ကြားပေးတာကြောင့် မေးခွန်းမေးတာနဲ့ အမြင်ချင်းဖလှယ်တာတွေကို လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ပါတယ်။ ဒါ့အပြင် လက်တွေ့ဆန်တဲ့ သင်ခန်းစာတွေ များတာကြောင့် အနာဂတ်ကို ရည်မှန်းပြီး သင်ယူနိုင်တာဟာ ဒီကျောင်းရဲ့ ဆွဲဆောင်မှုတစ်ခုပဲ ဖြစ်ပါတယ်။

### 静岡県のいいところ　Shizuoka ခရိုင်၏ အားသာချက်

**自然が豊かで、海や山が近く、生活しやすいところです。大都市と比べると、交通や娯楽の選択肢が少ないと感じることがありますが、その分静かで落ち着いていて、勉強に集中できる環境です。**

သဘာဝပတ်ဝန်းကျင် သာယာလှပပြီး ပင်လယ်နဲ့ တောင်တန်းတွေလည်း အနီးနားမှာရှိတာကြောင့် နေထိုင်ရတာ အရမ်းအဆင်ပြေပါတယ်။ မြို့ကြီးတွေနဲ့ ယှဉ်ရင်တော့ သွားလာရေးနဲ့ အပန်းဖြေစရာ နေရာ နည်းတယ်လို့ ခံစားရနိုင်ပေမဲ့ အဲဒီအစား တိတ်ဆိတ်အေးချမ်းပြီး စာပေလေ့လာဖို့အတွက် အာရုံစိုက်နိုင်တဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပါတယ်။

## 先輩の時間割　စီနီယာကျောင်းသား၏အချိန်ဇယား

たくさんある講義の中から、自分の興味に合わせて授業を選びます。
အမျိုးမျိုးသောဘာသာရပ်ကြားမှ မိမိ၏စိတ်ဝင်စားမှုပေါ်မူတည်၍ဘာသာရပ်ကို ရွေးချယ်နိုင်သည်။

| | 月　Monday | 火　Tuesday | 水　Wednesday | 木　Thursday | 金　Friday |
|---|---|---|---|---|---|
| **1**<br>9:00～10:40 | | | **基礎ゼミナール**<br>Basic Seminar | | |
| **2**<br>10:50～12:30 | **経営学専門演習A**<br>Specialized Management Seminar A | **英語Ⅰ**<br>English Ⅰ | **産業史**<br>Industry Theory | **情報処理基礎Ⅰ**<br>Computer Skills Ⅰ | |
| **3**<br>13:20～15:00 | **マーケティング論**<br>Marketing | **教養講座B**<br>Liberal Arts Program B | **プログラミング基礎**<br>Fundamentals of Programming | **日本語文章表現Ⅰ**<br>Japanese Writing Expressions Ⅰ | |
| **4**<br>15:10～16:50 | | **中国語Ⅰ**<br>Chinese Ⅰ | **コミュニケーション英語A**<br>Communication English A | **日本語Ⅰ**<br>Japanese Ⅰ | |

## 留学生特別科目
ပညာတော်သင်ကျောင်းသားအတွက် အထူးဘာသာရပ်

日本語Ⅰ～Ⅳ、日本語文章表現Ⅰ～Ⅱ、ビジネス日本語Ⅰ～Ⅱがあります。
入学後も引き続き語学力を磨いてください。
JLPT資格取得奨励金の申請もできるので、在学中に日本語能力試験N1取得を目指しましょう。

磐田キャンパス　2年生　Iwata Campus , 2nd year



# トゥ トゥ リャン さん

THU THU LYAN

ミャンマー出身（仙台ランゲージスクール 卒業）
မြန်မာနိုင်ငံမှ (Sendai Language School မှဘွဲ့ရ)







## 静岡産業大学を選んだ理由　Shizuoka Sangyo University ကိုရွေးချယ်သည့်အကြောင်းရင်း

**私の将来の夢である「会社を立ち上げる」ために必要な経営知識や、お金の管理について専門的に学べると考えたからです。また、静岡産業大学の職員の方や在学生の友人からの紹介もあり、この大学に決めました。**

ကျွန်မရဲ့ အနာဂတ်အိမ်မက်ဖြစ်တဲ့ 「ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထူထောင်ဖို့」 အတွက် လိုအပ်တဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတတွေနဲ့ ငွေကြေးစီမံခန့်ခွဲမှုတွေကို အထူးပြုသင်ယူနိုင်မယ်လို့ ယုံကြည်တာကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် Shizuoka Sangyo Universityက တာဝန်ရှိသူတွေနဲ့ လက်ရှိတက်ရောက်နေတဲ့ သူငယ်ချင်းတွေရဲ့မိတ်ဆက်ပေးမှုကြောင့် ဒီတက္ကသိုလ်ကို ရွေးချယ်ခဲ့ပါတယ်။

## 静岡産業大学のいいところ・魅力　Shizuoka Sangyo University ၏အားသာချက်နှင့်ဆွဲဆောင်မှု

**自分が挑戦したいことに積極的に取り組める環境が整っているところです。好きなことや興味のある分野に挑戦する学生を、大学全体で後押ししてくれるところが、静岡産業大学の一番の魅力です。また、奨学金制度も充実しています。**

မိမိစိန်ခေါ်လိုတဲ့အရာတွေကို တက်တက်ကြွကြွနဲ့ လုပ်ဆောင်နိုင်မယ့် ပတ်ဝန်းကျင်ကောင်းရှိပါတယ်။ ကျောင်းသားတွေရဲ့ ဝါသနာနဲ့ စိတ်ဝင်စားတဲ့ နယ်ပယ်တွေမှာ စိန်ခေါ်ကြိုးစားမှုကို တက္ကသိုလ်တစ်ခုလုံးကနေ ဝိုင်းဝန်းပံ့ပိုးပေးတာဟာ Shizuoka Sangyo Universityရဲ့ အကြီးမားဆုံး ဆွဲဆောင်မှုတစ်ခုပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ပညာသင်ဆုစနစ်တွေကလည်း အလွန်ပြည့်စုံကောင်းမွန်ပါတယ်။

## 休日の過ごし方　အားလပ်ရက်၏ဖြတ်သန်းပုံ

**読書したり、好きな国の食べ物を作って食べたりします。時々、ストレス解消のため、カラオケに行きます。**

အားလပ်ရက်မှာ စာဖတ်တာ၊ ကိုယ်နှစ်သက်တဲ့ နိုင်ငံရဲ့ ဟင်းလျာတွေကို ချက်စားတာမျိုး လုပ်ဖြစ်ပါတယ်။ တစ်ခါတလေမှာတော့ စိတ်ဖိစီးမှုတွေ ပြေပျောက်ဖို့ ကာရာအိုကေ သွားဆိုလေ့ ရှိပါတယ်။

## 1日の流れ　နေ့စဉ်အချိန်ဇယား

| | | |
|---|---|---|
| 7:00〜 | 起床・運動 | အိပ်ရာထခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်း |
| 8:00〜 | 読書・出発 | စာဖတ်ခြင်းနှင့် အပြင်ထွက်ခြင်း |
| 9:00〜17:00 | 授業・昼食 | အတန်းချိန်၊ နေ့လည်စာ |
| 18:00〜23:00 | アルバイト | အချိန်ပိုင်းအလုပ် |
| 24:00〜 | 帰宅・家事・就寝 | အိမ်ပြန်ခြင်း၊ အိမ်အလုပ်နှင့် အိပ်စက်ခြင်း |

## 1か月の生活費　တစ်လစာ နေထိုင်စရိတ်

**収　入　ဝင်ငွေ**

| | | (JPY) |
|---|---|---|
| アルバイト | အချိန်ပိုင်းအလုပ် | 120,000 |
| 奨学金 | ပညာသင်ဆု | 30,000 |
| 合　計 | စုစုပေါင်း | 150,000 |

**支　出　ကုန်ကျစရိတ်**

| | | (JPY) |
|---|---|---|
| 食　費 | စားသောက်စရိတ် | 30,000 |
| 公共料金 | လျှပ်စစ်မီတာခ,(ရေ/ဂက်စ်)ဖိုး… | 8,000 |
| 通信費 | ဖုန်းဘေလ်၊ ပက်ကေ့ချ်ကြေး | 5,000 |
| 家　賃 | အိမ်လခ | 30,000 |
| その他 | အခြား | 10,000 |
| 合　計 | စုစုပေါင်း | 83,000 |

## 先輩の時間割　စီနီယာကျောင်းသား၏အချိန်ဇယား

| | 月　Monday | 火　Tuesday | 水　Wednesday | 木　Thursday | 金　Friday |
|---|---|---|---|---|---|
| 1<br>9:00〜10:40 | 経営分析論<br>Business Analysis Theory | 地域観光文化論<br>Regional Tourism Culture | | | 経営学専門演習Ｇ<br>Specialized Management Seminar G |
| 2<br>10:50〜12:30 | 教養講座Ｂ<br>Liberal Arts Program B | | | 経営組織論<br>Structure of Business Organizations | 日本語 Ⅲ<br>Japanese III |
| 3<br>13:20〜15:00 | 経営学専門演習Ａ<br>Specialized Management Seminar A | 心理学概論Ａ<br>Introduction to Psychology A | | 観光マーケティング<br>Marketing for Tourism | |
| 4<br>15:10〜16:50 | 多文化理解<br>Multi-cultural Study | 地域経済学<br>Regional Economics | | マーケティング論<br>Marketing | 税務会計論<br>Tax Accounting |

Japanese Ⅰ ~ Ⅳ, Written Japanese Expressions Ⅰ ~ Ⅱ , Business Japanese Ⅰ ~ Ⅱ ရှိပါသည်။ ကျောင်းဝင်ပြီးနောက်လည်း မိမိ၏ဂျပန်ဘာသာစကားကျွမ်းကျင်လာအောင် ဆက်လက်ဆီးပူးကြပါ။ JLPT အောင်လက်မှတ်ရရှိမှုအတွက် အားပေးထောက်ပံ့ကြေးကိုလည်း လျှောက်ထားနိုင်သဖြင့်၊ ကျောင်းတက်နေစဉ်အတွင်း ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ JLPT N1 အောင်မြင်ရရှိရန် ရည်မှန်းပြီး ကြိုးစားကြပါစို့။




မိမိကိုယ်ပိုင်စီစဉ်ထားသော အချိန်ဇယားဖြင့် အချိန်ကိုစီမံခန့်ခွဲပါ။

# キャリアサポート 卒業後の進路


အလုပ်အကိုင်ဆိုင်ရာ အကူအညီနှင့် ဘွဲ့ရပြီးနောက် လမ်းကြောင်းရွေးချယ်မှုများ




ကျောင်းသားတစ်ဦးချင်းစီကို ကူညီပံ့ပိုးပေးမည်ဖြစ်သည်။

キャリアサポートの体制が充実しています。
日本で就職する場合、製造業、サービス業に就職する人が多いです。
静岡だけでなく東京など都市部への就職実績があります。
静岡産業大学には大学院がありませんが、他の大学の大学院への進学実績があります。

အလုပ်အကိုင်ဆိုင်ရာ ကူညီပံ့ပိုးမှုစနစ်များ ပြည့်စုံနေပါသည်။ ဂျပန်မှာ အလုပ်ရှာတဲ့အခါ ကျောင်းသားတော်တော်များများက ကုန်ထုတ်လုပ်ငန်း နဲ့ ဝန်ဆောင်မှုလုပ်ငန်းတွင် အလုပ်လုပ်ဖို့ ရွေးချယ်ကြပါသည်။Shizuoka တွင်သာမက တိုကျိုကဲ့သို့သော မြို့ကြီးများတွင်လည်း လုပ်ကိုင်နေကြပါသည်။Shizuoka Sangyo University တွင် ဘွဲ့လွန်ကျောင်းမရှိသော်လည်း အခြားတက္ကသိုလ် ၏ဘွဲ့လွန်ကျောင်းတွေကို တက်ရောက်ပြီး အောင်မြင်မှုရရှိထားသောကျောင်းသားများလည်း ရှိပါသည်။




卒業生 : 429人（2016.3〜2025.3）
Graduates number : 429（2016.3〜2025.3）

## 進学先 Higher education options

| | |
|---|---|
| 南山大学大学院 | Graduate School of Nanzan University |
| 関西学院大学大学院 | Graduate Schools of Kwansei Gakuin University |
| 埼玉大学大学院 | Graduate School of Saitama University |
| 国士館大学大学院 | Graduate School of Kokushikan University |
| 流通科学大学大学院 | Graduate School of Marketing and Distribution Science |

## 就職先 Employment options

| | |
|---|---|
| （株）BELL SHIFT | BELL SHIFT Co., Ltd. |
| （株）ユニテック | Unitec Co., Ltd. |
| （株）Colors japan | Colors Japan Co., Ltd. |
| （株）ビックカメラ | Bic Camera Inc. |
| （株）ヤタロー | YATARO Co., Ltd. |
| （株）グラフィック | Graphic Co., Ltd. |
| （株）新丸正 | Shinmarusho Co., Ltd. |
| （株）物語コーポレーション | The Monogataricorporation. |
| （株）掛川自動車学校 | Kakegawa Driving School Co., Ltd. |
| （株）TOKAIホールディングス | TOKAI Holdings Corporation. |
| （株）トーコン | Tokon Co., Ltd. |
| （株）遠鉄自動車学校 | Entetsu DS Co., Ltd. |
| （株）エスダブル販売 | SW-HANBAI Co., Ltd. |
| ビヨンズ（株） | Beyonz Inc. |
| ハウスコム（株） | HOUSECOM COPORATION. |
| 山九（株） | Sankyu Inc. |
| 協立建物管理（株） | Kyoryoku Tatemono kanri Co., Ltd. |
| 山本直弘税理士・行政書士事務所 | Naohiro Yamamoto Tax Accountant and Administrative Scrivener Office |

## 先輩のアドバイス စီနီယာကျောင်းသား၏အကြံပြုချက်

私は入学当初から「日本で就職する」という明確な目標を持ち、日本語や簿記の勉強に加え、アルバイトやクラブ活動にも積極的に取り組んだことで、語学力や専門知識だけでなく、コミュニケーション力や行動力も身に着けることができました。多様な人と関わったことは、視野を広げる大きな機会となり、就職活動での自分の強みを伝える自信となりました。早い段階で「自分は何を目指すのか」を決め、学びや経験を積み重ねることの大切さを実感しています。挑戦した分だけ自分の可能性は確実に広がります。興味のあることに積極的に挑戦し、経験を将来につなげてほしいと思います。計画的に行動すれば、必ず力となり、自信につながるはずです。

ကျွန်တော်ဟာ ကျောင်းစတက်ကတည်းက "ဂျပန်မှာ အလုပ်လုပ်မယ်" ဆိုတဲ့ ခိုင်မာတဲ့ ရည်မှန်းချက်ရှိခဲ့ပါတယ်။ ဒါကြောင့် ဂျပန်စာနဲ့ စာရင်းကိုင်ဘာသာရပ်တွေကို ကြိုးစားရုံတင်မကဘဲ အချိန်ပိုင်းအလုပ်နဲ့ ကလပ်လှုပ်ရှားမှုတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ အဲဒီလို လုပ်ဆောင်ခဲ့လို့ ဘာသာစကားနဲ့ အထူးပြုပညာရပ်တွေအပြင် လူမှုဆက်ဆံရေးစွမ်းရည်နဲ့ လက်တွေ့လုပ်ဆောင်နိုင်စွမ်းတွေကိုလည်း ရရှိခဲ့ပါတယ်။လူမျိုးစုံတွေနဲ့ ထိတွေ့ဆက်ဆံခဲ့ရတာဟာ အမြင်ကျယ်စေဖို့ အခွင့်အရေးကောင်းတစ်ခု ဖြစ်ခဲ့ပြီး အလုပ်ရှာဖွေတဲ့အခါမှာလည်း ကိုယ့်ရဲ့အားသာချက်တွေကို ယုံကြည်ချက်ရှိရှိ ပြောနိုင်ခဲ့ပါတယ်။ "ကိုယ်ဘာကို ရည်မှန်းတာလဲ" ဆိုတာကို စောစော ဆုံးဖြတ်ပြီး သင်ယူမှုနဲ့ အတွေ့အကြုံတွေကို စုဆောင်းဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို လက်တွေ့ခံစားခဲ့ရပါတယ်။ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်သလောက် ကိုယ့်ရဲ့ စွမ်းဆောင်ရည်တွေကလည်း အသေအချာ တိုးတက်လာမှာပါ။ စိတ်ဝင်စားတဲ့အရာတွေကို တက်တက်ကြွကြွ စိန်ခေါ်ကြည့်ပြီး အတွေ့အကြုံတွေကို အနာဂတ်နဲ့ ချိတ်ဆက်အသုံးချနိုင်စေရန် မျှော်လင့်ပါတယ်။ စနစ်တကျ စီမံပြီး လုပ်ဆောင်မယ်ဆိုရင် အဲဒါတွေက ခိုင်မာတဲ့ အင်အားဖြစ်လာပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာစေမှာ အမှန်ပဲ ဖြစ်ပါတယ်။



株式会社静岡銀行／THE SHIZUOKA BANK, LTD.
ミャンマー出身／မြန်မာနိုင်ငံမှ
ゼイン ミン トウエーさん／ZIN MIN HTWE

進学に向けて、詳細な計画と目標を持つことは非常に重要です。大学3年生では、自分が将来研究したい分野を明確にし、それに基づいて自分に合ったゼミの選択、日本語能力と専門科目のレベルの向上も求められます。目標を達成するためには、時間の使い方を工夫することがとても重要です。授業内外で、具体的な学習計画と長期的・短期的の学習目標を設定することで、学習時間を有効活用することができます。短期目標の達成は自信につながり、長期的な目標の実現へと結びつきます。また、重大な選択に直面した際には先生の助言を求め、自身に適した解決策を見出してください。

ရှေ့ဆက်ပညာသင်ကြားရေးအတွက် အသေးစိတ်အစီအစဉ်နဲ့ ရည်မှန်းချက်ရှိဖို့က အရမ်းအရေးကြီးပါတယ်။ တက္ကသိုလ်တတိယနှစ်မှာတော့ အနာဂတ်မှာ ကိုယ်သုတေသနပြုချင်တဲ့ နယ်ပယ်ကို ရှင်းရှင်းလင်းလင်း သိရှိထားပြီး အဲဒီအပေါ်မူတည်ပြီး မိမိနဲ့ကိုက်ညီမယ့် စာတမ်းပြုစုရေးဆွေးနွေးပွဲ (Zemi) ကို ရွေးချယ်ဖို့ လိုအပ်သလို ဂျပန်စာအရည်အချင်းနဲ့ အထူးပြုဘာသာရပ်ဆိုင်ရာ အဆင့်အတန်းကိုလည်း မြှင့်တင်ဖို့ လိုအပ်ပါတယ်။ရည်မှန်းချက်တွေ ပြည့်မြောက်အောင်မြင်ဖို့အတွက် အချိန်ကို စနစ်တကျ အသုံးချတတ်ဖို့က အင်မတန် အရေးကြီးပါတယ်။ အတန်းတွင်းနဲ့ အတန်းပြင်ပမှာ တိကျတဲ့ သင်ယူမှုအစီအစဉ်နဲ့ ရေတို၊ ရေရှည် သင်ယူမှုရည်မှန်းချက်တွေကို ချမှတ်ခြင်းအားဖြင့် စာလေ့လာချိန်ကို ထိရောက်စွာ အသုံးချနိုင်မှာဖြစ်ပါတယ်။ ရေတိုရည်မှန်းချက်တွေ ပြည့်မြောက်အောင်မြင်တာဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာစေပြီး ရေရှည်ရည်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အထောက်အကူဖြစ်စေမှာပါ။ ဒ့ါအပြင် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရမယ့်အချိန်မှာ ဆရာ၊ ဆရာမတွေရဲ့အကြံဉာဏ်ကို တောင်းခံပြီး မိမိနဲ့ အသင့်တော်ဆုံး ဖြေရှင်းနည်းကို ရှာဖွေတွေ့ရှိစေရန် ကြိုးစားပါ။



静岡大学大学院 人文社会科学研究科合格／Admitted to Shizuoka University Graduate School of Humanities and Social Sciences
中国出身／တရုတ်နိုင်ငံမှ
李 紀萱さん／LI JIXUAN

# 学　費 ကျောင်းလခ

外国人留学生は、日本人学生に比べると15%学費が減免されています。最長で4年間適用されます。

နိုင်ငံခြားကျောင်းသားသည် ဂျပန်ကျောင်းသားနှင့် နှိုင်းယှဉ်ပါက ကျောင်းလခ 15% ကင်းလွတ်ပေးပါသည်။ ဤစနစ်ကို အများဆုံး 4 နှစ်ကြာ ကင်းလွတ်နိုင်ပါသည်။

(2025年度)/(၂၀၂၅ ဘဏ္ဍာရေးနှစ်)

(JPY)

| 区分 ကျောင်းလခခွဲသွင်းပုံ | 留学生納付金 ပညာတော်သင်ကျောင်းသား ပေးချေရမည့်ငွေပမာဏ | |
|---|---|---|
| 入学時納入金<br>ကျောင်းဝင်ချိန်တွင်ပေးချေရမည့်ငွေပမာဏ | 入学金<br>ကျောင်းဝင်ကြေး | ¥ 100,000 |
| | 授業料・設備費など<br>သင်တန်းကြေး၊ Facility ကြေးစသဖြင့် | ¥ 490,185 |
| | 入学時合計<br>ကျောင်းဝင်ခွင့်လက်ခံချိန်ပေးချေရမည့် စုစုပေါင်း | ¥ 590,185 |
| 後期納入金<br>ဒုတိယနှစ်ဝက်တွင် ပေးချေရမည့်ငွေပမာဏ | 授業料・設備費など<br>သင်တန်းကြေး၊ Facility ကြေးစသဖြင့် | ¥ 461,525 |
| 初年次の合計<br>ပထမနှစ် စုစုပေါင်း | | ¥ 1,051,710 |

※予定の額のため、変更する場合があります。

※ခန့်မှန်းခြေငွေပမာဏဖြစ်သောကြောင့် ပြောင်းလဲမှုရှိနိုင်ပါသည်။

※学費の減免を受けるには、1年ごとに申請が必要です。

※ကျောင်းလခ ကင်းလွတ်ခွင့် ရရှိရန်အတွက် တစ်နှစ်လျှင် တစ်ကြိမ်စီ လျှောက်လွှာတင်ရန် လိုအပ်ပါသည်။

# 新入生特待生制度 ကျောင်းသားသစ်ပညာသင်ဆုစနစ်

入学試験の結果をもとに、成績優秀者の中から「新入生特待生」を選考し、授業料から免除します。

※1年ごとに継続審査があります。

” ကျောင်းသားသစ်ပညာသင်ဆု” သည်ဝင်ခွင့်စာမေးပွဲ၏ရလဒ်ပေါ်မူတည်၍ ထူးချွန်သောကျောင်းသားကိုရွေးချယ်မည်ဖြစ်ပြီး ထိုအထဲကမှ သင့်လျော်သူကို သင်တန်းကြေးကင်းလွတ်ခွင့်ပေးပါမည်။

※ဆက်လက်ရယူရန်အတွက် နှစ်စဉ်ပြန်လည်စမ်းစစ်မည်ဖြစ်ပါသည်။

(2025年度)/(၂၀၂၅ ဘဏ္ဍာရေးနှစ်)

(JPY)

| 種類<br>အမျိုးအစား | 減免額<br>ကင်းလွတ်သည့်ငွေပမာဏ | 入学時納入金<br>ကျောင်းဝင်ချိန်တွင်ပေးချေရမည့်ငွေပမာဏ | 後期納入金<br>ဒုတိယနှစ်ဝက်တွင် ပေးချေရမည့်ငွေပမာဏ | 初年度納入金<br>ပထမနှစ်ပေးချေရမည့်ငွေပမာဏ |
|---|---|---|---|---|
| 特待生A<br>ပညာသင်ဆုကျောင်းသား A | 年間 40 万円減免<br>တစ်နှစ်လျှင် ယန်း 400,000 ကင်းလွတ် | ¥ 390,185 | ¥ 261,525 | ¥ 651,710 |
| 特待生B<br>ပညာသင်ဆုကျောင်းသား B | 年間 20 万円減免<br>တစ်နှစ်လျှင် ယန်း 200,000 ကင်းလွတ် | ¥ 490,185 | ¥ 361,525 | ¥ 851,710 |
| 特待生C<br>ပညာသင်ဆုကျောင်းသား C | 年間 10 万円減免<br>တစ်နှစ်လျှင် ယန်း 100,000 ကင်းလွတ် | ¥ 540,185 | ¥ 411,525 | ¥ 951,710 |

# 奨学金・助成金 ပညာသင်ဆု၊ ထောက်ပံ့ကြေး

◎以下の学外団体の奨学金に応募できます。ただし、毎年採用人数や支給金額等が変わる可能性があります。
（奨学金の審査には、日本語能力（JLPTなど）や大学の成績が使われます。）

◎အောက်ဖော်ပြပါ ကျောင်းဝင်းပြင်ပအဖွဲ့အစည်းများမှပညာသင်ဆုများ လျှောက်ထားနိုင်ပါသည်။ သို့သော်လည်း လက်ခံလူဦးရေအရေအတွက်နှင့် ထောက်ပံ့ကြေးပမာဏသည် နှစ်စဉ်ပြောင်းလဲနိုင်ပါသည်။ ပညာသင်ဆုလျှောက်လွှာများကိုဂျပန်ဘာသာစစ်စာမေးပွဲ (JLTP စသည်ဖြင့်) နှင့်တက္ကသိုလ်အမှတ်များအပေါ်မူတည်၍အကဲဖြတ်မည်ဖြစ်ပါသည်။

(2024年度)/(၂၀၂၄ ဘဏ္ဍာရေးနှစ်)

| 名　称<br>အမည် | | 金額（JPY/1ヶ月）<br>ငွေပမာဏ(JYP/1လ) | 藤枝<br>Fujieda | 磐田<br>Iwata | 合計人数(人)<br>စုစုပေါင်းလူဦးရေအရေအတွက် |
|---|---|---|---|---|---|
| **日本学生支援機構　私費外国人留学生学習奨励費**<br>JASSO Benefit System for Privately-Financed International Students | 1年<br>1နှစ် | ¥ 48,000 | 1 | 0 | 1 |
| | 6か月<br>6လ | ¥ 48,000 | 0 | 1 | 1 |
| **ロータリー米山記念奨学会奨学金**<br>Rotary Yoneyama Memorial Foundation Scholarship | | ¥ 100,000 | 1 | 1 | 2 |
| **ビヨンズ国際育英財団奨学金**<br>Beyonz International Scholarship Foundation Scholarship | | ¥ 10,000 | 6 | 1 | 7 |
| **エンケイ財団奨学会**<br>Enkei Foundation Scholarship | | ¥ 20,000 | 1 | 1 | 2 |
| **平和中島財団奨学金**<br>Heiwa Nakajima Foundation Scholarship | | ¥ 120,000 | 1 | 0 | 1 |
| **TOKAIグループ富士山育英財団奨学金**<br>TOKAI Group Fujisan Scholarship Foundation Scholarship | | ¥ 50,000 | 0 | 1 | 1 |
| **国際ソロプチミスト磐田つつじ奨学金（磐田キャンパスのみ）**<br>Soroptimist International of Iwata Tsutsuji Scholarship (Iwata Campus Only) | | ¥ 50,000/年 | | 1 | 1 |

上記以外にも奨学金・助成金があります。詳しくは学生支援課に聞いてください。

အထက်ဖော်ပြပါပညာသင်ဆုများအပြင် အခြားသောပညာသင်ဆုများနှင့် ထောက်ပံ့ကြေးများ လဲရှိပါသည်။ အသေးစိတ်သိရှိလိုပါက ကျောင်းသားထောက်ပံ့ရေးဌာနသို့ ဆက်သွယ်မေးမြန်းပါ။

# 大学生活のFAQ

FAQ

## Q 寮はありますか？


အဆောင်ရှိပါသလား

**A** 寮はありません。静岡は東京に比べて安く部屋を借りることができます。静岡産業大学で留学生に親切な不動産会社を紹介できます。

例

家　賃 ¥31,000 間取り 1K

最寄駅からバスで15分／
大学まで徒歩約7分




အဆောင်မရှိပါ။ Shizuokaသည် တိုကျို ထက်သက်သာသောဈေးနှုန်းဖြင့် အိမ်ငှါးနိုင်ပါသည်။ Shizuoka Sangyo University မှပညာတော်သင်ကျောင်းသားများအား ဖော်ရွေသော အိမ်ခြံမြေကုမ္ပဏီကို မိတ်ဆက်ပေးနိုင်ပါသည်။

ဥပမာ

အိမ်လခ ¥ 31,000 အခန်းအမျိုးအစား 1K

အနီးဆုံးဘူတာမှ ဘတ်စ်ကားဖြင့် ၁၅ မိနစ် / တက္ကသိုလ်သို့ လမ်းလျှောက်၇ မိနစ်ခန့် အကွာ

## Q 大学に入学する前に引っ越しをする必要がありますか？

တက္ကသိုလ်မတက်မီ အိမ်ပြောင်းရန် လိုအပ်ပါသလား။

**A** 通学時間などをよく調べてください。静岡県内に住んでいても、引っ越しをしたほうがいい場合があります。講義は午前9：00から始まります。

ကျောင်းသွားလာကြာချိန်အားသေချာ စုံစမ်းထားသင့်ပါသည်။ Shizuoka မြို့တွင်းတွင် နေထိုင်နေသော်လည်း ကျောင်းနှင့်နီးသောနေရာသို့ အိမ်ပြောင်းလျှင်ပိုကောင်းသည့်အခြေအနေရှိနိုင်ပါသည်။ ကျောင်းချိန် 9 နာရီမှ စပါသည်။



## Q アルバイトの紹介はありますか？

အချိန်ပိုင်းအလုပ်မိတ်ဆက်ပေးပါသလား။

**A** 基本的にアルバイトの紹介はしていません。多くの学生はアルバイトの情報誌や情報サイトでアルバイト先を見つけます。留学生のみなさんがアルバイトをするには、「資格外活動許可」の申請が必要です。また、1週間につき28時間以内と日本の法律で定められています。ルールは必ず守ってください。

အချိန်ပိုင်းအလုပ် မမိတ်ဆက်ပေးပါ။ ကျောင်းသားအများစုသည် အချိန်ပိုင်းအလုပ်အချက်အလက် မဂ္ဂဇင်းများနှင့် ဝဘ်ဆိုဒ်များမှတစ်ဆင့် အချိန်ပိုင်းအလုပ်များကို ရှာဖွေကြပါသည်။
ပညာတော်သင်ကျောင်းသားများသည် အချိန်ပိုင်းအလုပ်လုပ်ရန်အတွက် “ဘောင်ကျော်လှုပ်ရှားခွင့်ပြုချက်” ကို လျှောက်ထားရန်လိုအပ်ပါသည်။ ထို့အပြင် ဂျပန်ဥပဒေအရ တစ်ပတ်လျှင် 28 နာရီအထိသာ အလုပ်လုပ်ခွင့်ရှိပါသည်။ စည်းကမ်းများကို သေချာလိုက်နာပါရန်။

## Q 留学生向けのイベントはありますか？

ပညာတော်သင်ကျောင်းသား နှင့်သက်ဆိုင်သော ပွဲ ရှိပါသလား။

**A** あります。日本の学校で母国の紹介、留学生交流会などを行います。学生支援課でお知らせと募集をしています。

ရှိပါသည်။ ဂျပန်ကျောင်းတွင် မိမိ၏နိုင်ငံကိုမိတ်ဆက်ခြင်း၊ ပညာတော်သင်ကျောင်းသားဖလှယ်ရေးပွဲ များကျင်းပပါသည်။ ကျောင်းသားထောက်ပံ့ရေးဌာနမှ အကြောင်းကြားပြီး စာရင်းလက်ခံပါသည်။



## Q 留学生に人気のある部活やサークルはありますか？

ပညာတော်သင်ကျောင်းသားတွင် popular ဖြစ်သော အသင်းအဖွဲ့ရှိပါသလား

**A** 書道部・茶道部・国際交流会が留学生に人気です。毎年4月に募集活動を行います。

ဂျပန်လက်ရေးလှရေးဆွဲခြင်း၊ ဂျပန်ရိုးရာလက်ဖက်ရည်ဖျော်ခြင်း၊ နိုင်ငံတကာဖလှယ်ပွဲကကျောင်းသားတွေကြားမှာ popular ဖြစ်ကြပါတယ်။နှစ်စဉ် ဧပြီလတွင် အသင်းအဖွဲ့ဝင်ကို လက်ခံနေပါတယ်။



## Q 困ったことがあったらどうすればいいですか？

အခက်ခဲတစ်ခုခု ကြုံတွေ့သောအခါ ဘယ်လိုဖြေရှင်းရမလဲ။

**A** 学生支援課に相談をしてください。留学生のみなさんが快適に学生生活を送れるようにお手伝いをします。

例）外国人留学生の勉学・生活のあらゆる相談／外国人留学生対象の奨学金・助成金の申請／外国人留学生の日本在留資格と諸手続き／異文化交流活動

ကျောင်းသားထောက်ပံ့ရေးဌာန သို့ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ ပညာတော်သင်ကျောင်းသားတွေရဲ့ ကျောင်းသားဘဝကို လွယ်ကူစွာဖြတ်သန်းနိုင်ရန်အတွက် အကူညီပေးသွားမည်ဖြစ်ပါသည်။
ဥပမာ။ ။ပညာတော်သင်ကျောင်းသားများ၏ပညာရေးပိုင်းဆိုင်ရာ၊ နေထိုင်ရေးဆိုင်ရာနဲ့ပတ်သက်သောအကြံညဏ်များ/ ပညာတော်သင်ကျောင်းသားများအတွက် ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများလျှောက်လွှာတင်ခြင်း/ပညာတော်သင်ကျောင်းသားများ ဂျပန်နိုင်ငံတွင်နေထိုင်ခွင့်ရရန် လိုအပ်သောစာရွက်စာတမ်းများ/နိုင်ငံခြားယဉ်ကျေးမှုဖလှယ်ပွဲ

## 外国人留学生入試［特待生選抜型］ ပညာတော်သင်ကျောင်းသားများအတွက်ဝင်ခွင့်စာမေးပွဲ (ပညာသင်ဆုကျောင်းသားများရွေးချယ်မှုပုံစံ)

静岡産業大学では、外国人留学生を対象とする「外国人留学生入試」の入試種別があります。他校と併願が可能です。選考方法は日本語基礎学力テストと面接試験です。条件やスケジュールなど、詳しくは入学試験要項を確認してください。

Shizuoka Sangyo University တွင် ပညာတော်သင်ကျောင်းသားများအတွက်”ပညာတော်သင်ကျောင်းသား ဝင်ခွင့်စာမေးပွဲ” ကဲ့သို့သောစာမေးပွဲအမျိုးအစားရှိသည်။ အခြားကျောင်းများနှင့် တစ်ချိန်တည်း လျှောက်ထားနိုင်ပါသည်။ ကျောင်းဝင်ခွင့်ရွေးချယ်မှုနည်းလမ်းသည် အခြေခံပညာအရည်အချင်းစစ်ဆေးမှု၊ စာရွက်စာတမ်းစစ်ဆေးခြင်းနှင့် အင်တာဗျူးစာမေးပွဲဖြေဆိုခြင်း တို့ဖြစ်ပါသည်။ လိုအပ်သောအချက်အလက်၊ အချိန်ဇယား စသည့်အသေးစိတ်အချက်အလက်များကို ဝင်ခွင့်လျှောက်လွှာလမ်းညွှန်တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။



#工場見学
စက်ရုံကို သွားရောက်လေ့လာကြည့်ရှုခြင်း



#書き初め大会①
နှစ်သစ်ဦး လက်ရေးလှပြိုင်ပွဲ①



#藤枝キャンパス大学祭
Fujieda Campus ကျောင်းစုံညီပွဲတော်




#両キャンパス合同交流会①
Campus နှစ်ခုပူးတွဲဖလှယ်ပွဲ①



#日本語カフェ
ဂျပန်ဘာသာစကား ကဖေး



#書き初め大会②
နှစ်သစ်ဦး လက်ရေးလှပြိုင်ပွဲ②

# 国際交流
နိုင်ငံတကာဖလှယ်ပွဲ



#新入生Welcomeイベント
ကျောင်းသားသစ်များ ကြိုဆိုပွဲ



#両キャンパス合同交流会②
Campus နှစ်ခုပူးတွဲဖလှယ်ပွဲ②



#キャンパス体験会
နက္ကသိုလ်နယ်မြေ လေ့လာရေးခရီး



#磐田キャンパス大学祭
Iwada Campus ကျောင်းစုံညီပွဲတော်



#起震車体験
မြေငလျင်ကားအတွေ့အကြုံ



#小学生との交流活動
မူလတန်းကျောင်းသားများနှင့် အပြန်အလှန်ဖလှယ်ရေး လှုပ်ရှားမှု